mgyoe.com
BOOK TREE
BOOK SHOP
SAMPLE BOOK



COLLAGE

2025.PAINTING & GRAPHIC DESIGN : KYAW MINN MOUNG

mgyoe.com

mgyoe.com SAMPLE BOOK

‘‘ကော်လာ့ချ် အမျိုးအစား စာပေအနုပညာ (The Literary Art of Collage) ဆိုတာ ဘာတုန်းမေးလျှင်...

‘‘**Collage** စာပေအနုပညာ ဆိုသည်မှာ အမျိုးမျိုးသော အရင်းအမြစ်များမှ မတူညီသော အပိုင်းအစများ သို့မဟုတ် လေမေနေတစ များကို ပေါင်းစပ်ပြီး အသစ်နှင့် ပေါင်းစပ်ထားသောစာပေအရေးအသားတစ်ခု ဖန်တီးရန် ပေါင်းစပ်ပါဝင်သည့် နည်းစနစ်တစ်ခုဖြစ်သည်။’’ ဟုသာ အလွယ်အတို ဖြေရလိမ့်မည်ထင်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း	-	Book Tree စာအုပ်တိုက် ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၂၅ ခုနှစ်
မျက်နှာဖုံးဒီဇိုင်း	-	ကျော်မင်းမောင်
စာစီစာရိုက်	-	Dream City
အုပ်ရေ	-	၅၀၀
တန်ဖိုး	-	၇၀၀၀ ကျပ်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ	-	ဦးလပြည့်ဝေး၊ လပြည့်လင်းပုံနှိပ်တိုက် (၀၁၃၆၉) အမှတ် ၁၁ - H၊ ၅၅ လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ	-	ဦးလပြည့်ဝေး၊ ဆန်းစသော်တာစာအုပ်ထုတ်ဝေရေး (၀၀၁၀၃)၊ အမှတ် ၁၁-H၊ ၅၅ လမ်း အလယ်ဘလောက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

mgyoe.com

mgyoe.com SAMPLE BOOK

မာတိကာ

-	အမှာ	၅
၁။	ကျွန်တော်နှင့် Collage	၉
၂။	အသံ၊ သင်္ကေတနှင့် တပ်ဆင်ထားသောအလင်း သို့မဟုတ် တစ်စုံတစ်ရာ	၁၇
၃။	ပုံတွေကိုယ်၌က စာသားတွေ ဖြစ်နေကြတာ	၂၅
၄။	Coffee collage	၃၁
၅။	ဗင်းဆင့် မပျော်ခဲ့တဲ့ကမ္ဘာ	၃၇
၆။	နေမျိုးကို ရေးသားခြင်း	၄၉
၇။	မြန်မာ့ဆိုရိုး ဆက်ထုံးဖွဲ့သီ	၅၃
၈။	ခြေရာများ	၅၇
၉။	လွမ်းနေသော ဝါကျများသည် အချစ်သီချင်းကို သီဆို၏	၆၅
၁၀။	သစ်စိမ်းမြရွက်	၇၇
၁၁။	အောင်ခင်မြင့် စက်ရုံထွက်ချည်သားနဲ့ ချုပ်ထားတဲ့ Plotless အင်္ကျီ	၈၉
၁၂။	ဦးပိန်ကိုလွမ်းတဲ့စိတ်နဲ့ နွေနေပူထဲ လမ်းလျှောက်တဲ့အခါ ဦးပိန် သီဆိုပြတဲ့ 'တောင်သမန်' ရဲ့သီချင်း	၉၇

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ဤစာအုပ်နှင့် ပတ်သက်၍

collage-type စာပေတွေဟာ ပို့စ်မော်ဒန်သမားတွေ သုံးလေ့ရှိတဲ့ နည်းနာတွေထဲကတစ်ခု ဖြစ်ပါတယ်။ မှတ်တမ်းတွေအရ…

(ပထမဆုံး collage - type စာပေလက်ရာကို ၁၉၂၉ ခုနှစ်တွင် ထုတ်ဝေခဲ့သော 'La Femme 100 Têtes' ('The Hundred Headless Woman') ဖြင့် Max Ernst က မကြာခဏ သတ်မှတ်လေ့ရှိသည်။

ဂျာမန် Dadaist နှင့် Surrealist အနုပညာရှင် Max Ernst သည် surreal ဇာတ်ကြောင်းများ ဖန်တီးရန်အတွက် ဝိတိုရိယခေတ်ထွင်း ရုပ်ထုများကို ဖြတ်တောက်ကာ ပြန်လည်ပြင်ဆင်ခြင်းဖြင့် collage နည်းပညာများကို အသုံးပြုခဲ့သည်။ Collage ကို အစောပိုင်း အမြင်အနုပညာတွင် (၁၉၁၀ ခုနှစ်များ အစောပိုင်းတွင် Picasso နှင့် Braque တို့က ထင်ရှားစွာ အသုံးပြုခဲ့သော်လည်း) Ernst သည် စာပေနှင့် ဇာတ်ကြောင်းပုံစံတွင် ကျယ်ပြန့်စွာ အသုံးပြုသည့် ကော်လာ့ချ်နည်းလမ်းကို ပထမဆုံး အသုံးပြုသူ ဖြစ်သည်။ ကွဲလွဲနေသော၊ အိပ်မက်နှင့်တူသော ပုံပြင်ကိုပြောပြရန် ရုပ်ပုံနှင့် စာသားကို ရောစပ်ထားသည်။

ကမ္ဘာပေါ်တွင် အကျော်ကြားဆုံး ကော်လာ့ချ်စာပေများကို ဖန်တီးသူမှာ အမေရိကန် စာရေးဆရာ William S. Burroughs ဖြစ်ပြီး Beat Generation ၏ အဓိကပုဂ္ဂိုလ်ဖြစ်သည်။ စာသားများကို ရုပ်ပိုင်းဆိုင်ရာ

mgyoe.com

mgyoe.com SAMPLE BOOK

သို့မဟုတ် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဖြတ်တောက်ပြီး အဓိပ္ပာယ်အသစ်များ ဖန်တီးရန် ပြန်လည်စီစဉ်ထားသည့် စာသားများကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဒစ်ဂျစ်တယ်ပုံစံဖြင့် ဖြတ်တောက်ထားသော စာပေများတွင် ဖြတ်တောက်ခြင်း နည်းပညာကို လူကြိုက်များလာသည့်အတွက် လူသိများသည် ... လို့ ဖော်ပြထားတာ တွေ့ရပါတယ်။

William S. Burroughsက ဖေဖော်ဝါရီ ၅ ရက်၊ ၁၉၁၄ မှာမွေးပြီး ဩဂုတ် ၂ ရက်၊ ၁၉၉၇ ခုနှစ် မှာကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ အမေရိကန်နိုင်ငံသားပါ။

သူ့ခေတ်ကာလ (သူ စတင် သုံးစွဲစဉ်ကာလ) တုန်းကတော့ အစွန်းရောက် စာပေအမျိုးအစားလို့ ယူဆဖော်ပြကြပါတယ်။ ဒါပေမဲ့ ၂၀ ရာစု၏ အလွှမ်းမိုးနိုင်ဆုံးနှင့် အငြင်းပွားဖွယ်ရာ စာအုပ်များထဲက တစ်အုပ်ဖြစ်ခဲ့ပြီး သမားရိုးကျ ဇာတ်ကြောင်းတည်ဆောက်ပုံများနဲ့ ဆင်ဆာဥပဒေများကို စိန်ခေါ်ခဲ့တယ်။

Collage in literary art ဟာ အမျိုးမျိုးသော စာသားများ သို့မဟုတ် စာသားအပိုင်းအစများကို ပေါင်းစပ်ပြီး အသစ်သောအလုပ်တစ်ခုကို ဖန်တီးရန် ပေါင်းစပ်ပါဝင်သည့် နည်းပညာတစ်ခုဖြစ်တယ်။ ဒီနည်းလမ်းနဲ့ မတူညီသော ပစ္စည်းများ၊ ရုပ်ပုံများ သို့မဟုတ် အရာဝတ္ထုများကို အနုပညာလက်ရာ တစ်ခုအဖြစ် ပေါင်းစပ်ထားသည့် ကော်လာ့ဂျ်၏ အမြင်အနုပညာလေ့ကျင့်မှုမှ ရေးဆွဲကြတယ်။ စာပေမှာ ကော်လာ့ချ်ကို ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြပါတယ်။

*

ကျွန်တော် ကော်လာ့ချ်အမျိုးအစား ဖန်တီးမှုအပေါ် တိမ်းညွှတ်စွဲလမ်းခဲ့ပုံက အတော်လေးတော့ ရယ်စရာကောင်းပါတယ်။

၉၀ ဝန်းကျင်တုန်းက စာကို ဟုတ်တိပတ်တိမရေးဖြစ်ပါဘူး။ အလုပ်အရ လူသူအသွားနည်း၊ အသိနည်းနဲ့ တစ်ပြည်လုံးကို သွားလာနေရလို့ပါ။ အဲဒီမှာ သူငယ်ချင်း ဂျာနယ်ဘီလူး သူကြီး (မြတ်ခိုင်) က "နင် ဒီလောက် ခရီးသွားနေရတာ ခရီးသွားဆောင်းပါးတွေ ရေးခဲ့ဟာ၊ မရောက်ဖူး/ မသိဖူး

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ စာဖတ်သူတွေ သိရတာပေါ့" လို့ တိုက်တွန်းတာနဲ့ သူ့ဂျာနယ်အတွက် ကြိုကြားကြိုကြား ရေးပို့ဖြစ်ပါတယ်။

ဒီလိုရေးနေရင်းကနေ စာသားသက်သက်အစား အဲဒီစာကို ပိုမြင်သာ အားရှိစေမယ့် ဓာတ်ပုံလေးတွေနဲ့ တွဲဖော်ပြရရင် ပိုကောင်းမယ်ဆိုတဲ့ အတွေးနဲ့ (ပုံ+စာ) တွေ လုပ်ပေးဖြစ်ပါတယ်။ အဲဒီတုန်းကတော့ နည်းပညာ အခက် ကြောင့် ဒီဆောင်းပါးတစ်ပုဒ်စာဟာ လွယ်လွယ်နဲ့ စာမျက်နှာပေါ် ရောက် မလာပါဘူး။ စာမူခထက် ဆောင်းပါးဖြစ်အောင် စုစည်းရတဲ့ ဓာတ်ပုံတန်ဖိုးက ပိုများပါတယ်။

တကယ်တော့ ခရီးသွားဆောင်းပါးတစ်ပုဒ်ကို ဓာတ်ပုံတွေနဲ့ တွဲဖော် ပြတာဟာ ကော်လာ့ချ်နည်းနာ (collage technique) မဟုတ်ပါ။ အဲဒီတုန်း ကလည်း Collage စာပေလက်ရာအကြောင်း မလေ့လာဖူးသေး၊ မသိခဲ့ဖူး သေးပါ။ ဒါပေမဲ့ ဒါဟာ Collageအမျိုးအစား ဖန်တီးမှုတွေကို လုပ်ဆောင် ဖို့ စဦးစေ့ဆော်ခဲ့တဲ့ သန္ဓေသားပါပဲ။

Collage အမျိုးအစားတွေကို ဖန်တီးရတာ နှစ်သက်စွဲလမ်းလာခဲ့တယ်။ ၉၇ ခုနှစ်လက ရေးဖြစ်တဲ့ 'သစ်စိမ်းမြွေ့ကက်'၊ ၂၀၀၁ ရေး 'ငါးရေးတဲ့ ဝတ္ထု'၊ ၂၀၀၄ ကရေးဖြစ်ခဲ့တဲ့ 'ဦးဘသက်ရဲ့ မှတ်ပုံတင်' တို့ဟာ အစောပိုင်း Collage type အမျိုးအစားဝတ္ထုတိုဖြစ်ပြီး 'ဦးပိန်တံတား' ကတော့ အက်ဆေးအမျိုး အစားပါ။

ခု ဒါတွေ (ရေးခဲ့ဖူးသမျှတွေ ရသမျှရှာ) ကို ကောက်သင်းပြန်ကောက်၊ ထပ်ရေးဖြစ်တဲ့ အသစ်တွေနဲ့ ပေါင်းပြီး Collage type အမျိုးအစား ဖန်တီး ခဲ့မှုတွေကို မှတ်တမ်းပြုကြည့်ချင်လို့ ဒီစာအုပ်လေးလုပ်ဖြစ်ပါတယ်။ (အများ စုက Facebook မှာ တင်ဖြစ်ခဲ့တဲ့ ပို့စ်တွေ ဖြစ်ပါတယ်)

တကယ်က ရေးချင်၊ ရေးဖို့ စိတ်ကူးထားတဲ့ လူပုဂ္ဂိုလ်/ အကြောင်း အရာ/ ရေးလက်စတွေ အများကြီးကျန်ရစ်ပါတယ်။ ကျန်းမာရေးအရ ဆက် မရေးနိုင်တာမို့ ချန်ခဲ့ရပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်နှင့် Collage

ပြဿနာက 'Collage' ဟူသောအမည်ဖြင့် စာအုပ်ပါးပါးတစ်အုပ်စာရေးမည်ဟု စိတ်ကူးမိခြင်းက စသည်။

ထိုအတွေးဖြင့် **'ဗင်းဆင့် မပျော်ခဲ့တဲ့ ကမ္ဘာ'** ဟူသော စာတစ်ပုဒ်ရေးမိ၏။ ထိုဖန်တီးစာသည် Facebook တွင် ဖော်ပြ၍ရသော စာသားသက်သက်ဖြင့် ဖွဲ့တည်ထားခြင်း မဟုတ်သောကြောင့် WeTransfer တွင် သွားတင်ထားပြီး လင့်ခ်ကိုသာ FB တွင် ပြထားမိသည်။ ရည်ရွယ်သည်က ကိုယ့်လုပ်ဆောင်ချက်ကို ကိုယ့်'စာအမျိုးများ' ဖတ်၍ရ/မရ၊ အဆင်ပြေ/မပြေ သိလိုရုံသက်သက်သာ။ ထို့နောက် ဤစာမှဖြစ်လာမည့် ဂယက်များကို ပြန်မကြည့်အား။ ပျောက်ဆုံးနေ/ သွားသော ကိုယ့်စာမူကမ္ဘာကို နေ့နေ့ညညနာနာပြန်တူး၍ ကိုယ့်တိုင်ကိုယ် ပြန်ပတ်နေသော နေ့ရက်များဖြစ်သောကြောင့်။ တစ်ယောက်က ဒီလိုဖြင့် ရှင်းနေရပြီဗျဟု လက်တို့လာ၍ ဆရာ ဖိုးနိုင်လင်း စာမျက်နှာဆီ ပြေးကြည့်ရသည်။ ထိုဆရာက Sunday, August 13, 2023 at 6:48 AM က ပို့စ်တစ်ခုတင်ထားသည်။ သူ့ပို့စ်အလိုအရ ဤသို့ဖြစ်၏။

("ကော်လာ့ချ် အမျိုးအစားစာဆိုတာ ဘာလဲ"

"collage အမျိုးအစားစာပေဆိုတာ ဘာလဲ"

"ကော်လာ့ချ် စာပေဆိုတာ ဘာလဲ"

mgyoe.com

mgyoe.com

SAMPLE BOOK

Collage

From Wikipedia, the free encyclopedia

For other uses, see Collage (disambiguation).



Kurt Schwitters, *Das Undbild*, 1919, Staatsgalerie Stuttgart

A collage (From the French: *coller*, to glue) is a work of formal art, primarily in the visual arts, made from an assemblage of different forms, thus creating a new whole. Use of this technique made its dramatic appearance among oil paintings in the early 20th century as an art form of groundbreaking novelty.

An artistic collage work may include newspaper clippings, ribbons, bits of colored or hand-made papers, portions of other artwork, photographs, and

တစ်နေ့က လာမေးကြတာ သုံးယောက်ရှိတယ်။ ကိုယ်ကလည်း မအားတော့ သူတို့ မေးထားတာတွေကို နောက်မှ သိတယ်။ ဒါနဲ့ ဘယ်လိုကြောင့် လာမေးရတာတုံး ဆိုတော့ ဆရာငြိမ်း Nyein Aye Eain ပရိသတ်တွေပေကိုး။ ဆရာငြိမ်း ရေးပြီး တင်ထားတဲ့ 'ဗင်းဆင့် မပျော်ခဲ့တဲ့ ကမ္ဘာ' ဆိုတဲ့ စာရဲ့ အဆုံးသတ်မှာ ဒီစာဟာ collage စာလို့ ရေးထားသတဲ့။ သူ့ကို တိုက်ရိုက် မေးကြပါလား ဆိုတော့လည်း ဖရန့် မဟုတ်လို့၊ မမေးရဲလို့ စသည်ဖြင့် ပြောကြတယ်။ ကိုယ်တောင် အစအဆုံး သေသေချာချာ မဖတ်ရသေး၊ အစပိုင်းလေးသာ ဖတ်လို့ရ/မရလောက်ဘဲ ကြည့်လိုက်ရသေးတယ်ဆိုတော့ အဆုံး

mgyoe.com

m gyoe. c o m

SAMPLE BOOK

ထိ ဖတ်ရသေးတယ်။ စာအဆုံးမှာ ဆရာငြိမ်းက 'ဤစာစုသည် Collage အမျိုးအစား ဖြစ်ပါသည်' လို့ မှတ်ချက်လေး ရေးထားတာကို သူတို့ နားမလည်ကြတာ ဖြစ်မှာပါ။ အမှန်တော့ ကိုယ်လည်း နားလည်လှတယ် မဟုတ်ဘူး။ ကိုယ် အများကြီးလေ့လာခဲ့တဲ့ စာပေနယ်ပယ်မဟုတ်တော့ ဖြေလည်းမဖြေရဲပါဘူး။ သို့သော် ဘထွေးငြိမ်းကတော့ဖြင့် ခုလို ဖြေလိုက်လို့ စိတ်ဆိုးမယ်၊ ဆူမယ်မဟုတ်ပေဘူး) .. ဟူလို။

ထိုရော်အခါ ကိုယ့်မှာ အနည်းငယ်တော့ဖြင့် ပြန်ရှင်းပြသင့်သည်ဟု ယူဆပြီး ယခုစာကို ရေးပါသည်။

❆

'ကော်လာ့ချ် အမျိုးအစား စာပေအနုပညာ' (The literary art of collage) ဆိုတာ ဘာတုံးဟု မေးလျှင်-

'Collage စာပေအနုပညာဆိုသည်မှာ အမျိုးမျိုးသော အရင်းအမြစ်များမှ မတူညီသော အပိုင်းအစများ သို့မဟုတ် elements များကို ပေါင်းစပ်ပြီး အသစ်နှင့် ပေါင်းစပ်ထားသော စာအရေးအသားတစ်ခု ဖန်တီးရန် ပေါင်းစပ်ပါဝင်သည့် နည်းစနစ်တစ်ခုဖြစ်သည်' ဟုသာ အလွယ် အတို ဖြေရလိမ့်မည်ထင်သည်။

အကျယ်သိလိုလျှင် ရှာသာဖတ်ကြပါတော့။ မျက်လုံးကိုက်လောက်အောင် ရေးသားဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ ဖတ်မကုန်အောင် တွေ့ကြရပါလိမ့်မည်။

ကော်လာ့ချ်ကို ပန်းချီပန်းပု၊ အင်စတော်လေးရှင်း၊ ဂရပ်ဖစ်ဒီဇိုင်းစသော အမြင်အနုပညာနယ်ပယ် (in the field of visual arts) တွင် အသုံးများသည်။ 'ပီကာဆို' သည် ထိုနည်းသုံးသူများထဲမှ ထင်ရှားသူတစ်ဦးဖြစ်၏။ ရုပ်ရှင်တွင်လည်း ၁၉၉၄ ခုနှစ်တွင်ထွက်ရှိခဲ့သော Oliver Stone ရိုက်ကူးသည့် 'Natural Born Killers' ကို ညွှန်းထားသည်ကိုတွေ့ရသည်။ ၁၉၈၃ ခုနှစ်တွင် ထွက်ရှိခဲ့သော ဒါရိုက်တာ Chris Marker ၏ Sans Soleil ကို ကော်လာ့ချ်နည်းနာသုံး စမ်းသပ် မှတ်တမ်းရုပ်ရှင်ဖြစ်ကြောင်း ညွှန်းသည်။

m g y o e . c o m

mgyoe.com

ဒါရိုက်တာ ကိုသူရ (ဇာဂနာ) ကတော့ ၁၉၃၁ ခုနှစ်က ထွက်သည့် East of Borneo ကို အစောဆုံး တွေ့ရသည်ဟု ဆိုသည်။ ကျွန်တော်က ရုပ်ရှင်တွင် ထိုနည်းနာရှိ/ သုံးသည်ဟု သိမထားသူဖြစ်၏။

စာပေတွင် ကော်လာ့ချ်နည်းနာကို အသုံးပြု၍ လူသိများသော အစောဆုံး အနုပညာရှင်အဖြစ် ရိုမေးနီးယန်းနှင့် ပြင်သစ်ကဗျာဆရာဖြစ်သူ Tristan Tzara ကို ဖော်ပြထားသည်ကို တွေ့ရသည်။ သူ ဖန်တီးခဲ့သည်မှာ ၁၉၁၆ ခုနှစ်ကတည်းက ဖြစ်သည်။ ခုဆို နှစ်ပေါင်းတစ်ရာကျော်ပြီ။

ကော်လာ့ချ်ကို အလွယ်အရှင်း ကြည့်မြင်နိုင်သည်မှာ ဖြတ်စည္ပ်စအပိုများဖြင့် ချုပ်လုပ်ထားသော (စပ်) စောင်တစ်ထည်၊ ခေါင်းအုံးစွပ်၊ အိပ်ရာခင်း၊ ကုလားထိုင်အဖုံး စသည်တို့ပင် ဖြစ်မည်။ အရွယ်အစား၊ အရည်အသွေး၊ အရောင်၊ အထူအပါး မတူညီသော နဂိုရှိနှင့်ပြီးဖြစ်သည့် အထည်ညှပ်စ ဖြတ်စများကို စုစည်းချုပ်သီ၍ ဖန်တီးထားသော တန်ဖိုးအသစ်နှင့် ထုတ်ကုန်တစ်ခုဖြစ်သည်။ မူလတန်ဖိုးများကို စုစည်းတွယ်ဆက် ပြသခြင်းဖြင့် တန်ဖိုးအသစ်တစ်ခု ထွက်ရှိလာစေသော နည်းနာဖြစ်၏။

မြန်မာပြည်တွင် ကော်လာ့ချ်နည်းနာဖြင့် အနုပညာဖန်တီးမှု ဖော်ထုတ်ပြသခဲ့သူများထဲမှ ကျွန်တော်သိသူ ပန်းချီ အင်စတော်လေးရှင်း ပညာရှင်များမှာ 'ပိုပို'၊ 'အောင်မြင့် (အင်းလျား)'၊ 'အေးကို'၊ 'ထိန်ထိန် (ထိန်လင်း)'၊ 'စောဝေ'၊ 'ကဗျာဆရာ ကိုရွှေး' တို့ ဖြစ်သည်။ ကျွန်တော် မသိ/ မခင်သော်လည်း ထင်ရှားသူ များစွာ ကျန်ဦးမည်။

စာပေတွင် အစ်ကိုဆရာ သစ္စာနီ ဖန်တီးပြသခဲ့ဖူးသည်ကို မှတ်မိသည်။ ကော်လာ့ချ် ဝတ္ထုတို အမျိုးအစားကို မေလ၊ ၂၀၀၃ ထုတ် စတိုင်သစ်မဂ္ဂဇင်းတွင် 'တကယ့်အချစ်ဝတ္ထု' ဟူသော အမည်ဖြင့် ဖော်ပြခဲ့သည်။ သစ္စာနီ၊ ငြိမ်းအေးအိမ်၊ မောင်ကျော်သာ၊ နေမျိုး၊ ဇော်ဇော်အောင်၊ ဆော်လမွန်သီချင်း (ဓမ္မဟောင်းကျမ်း) စသည်တို့ကို စပ်ထည်ဖွဲ့ရေးထားသည်။ 'ရုပ်ရှင်' ဟူသော တစ်ပုဒ်လည်း ရေးဖွဲ့ပြခဲ့သေးသည်။ ကျွန်တော် မှတ်မိသမျှမှာ ဆရာဇော်ဇော်အောင်၏ KOOB ဝတ္ထုမှ စာသားများ ပေါင်းစပ်ထားသောဝတ္ထုနှင့် မနော်ဟာရီ၏ တာရော့ကတ်များနှင့် တွဲစပ်ရေးဖွဲ့ထားသော 'စစ်တုရင်ခုံပေါ်မှသင်္ကေတများ' စာအုပ်ပါ ဝတ္ထုများဖြစ်သည်။ အခြားသော စာရေးသူများ ရေးဖွဲ့ထား

mgyoe.com

m gyoe.c o m SAMPLE BOOK

သည်လည်းရှိနိုင်၏။ ၂၀၁၈၊ ဒီဇင်ဘာထုတ် ရွှေအမြုတေမဂ္ဂဇင်းမှ 'နေသန်'၏ 'ပြစ်မှုနှင့်ပြစ်ဒဏ်'တွင် (ကမ္ဘာဦးကျမ်း ၁၁း၆-၈) နှင့် အခြား ဘာသာစကားအက္ခရာများ ထည့်သွင်းရေးထားသည်ကိုလည်း တွေ့ရသည်။

ကျွန်တော်က သရဖူမဂ္ဂဇင်း လုပ်နေစဉ် (၉၅-၉၇) တွင် 'သစ်စိမ်းမြရွက်' ဟူသော ဖန်တီးမှုတစ်ခု ပြုလုပ်ခဲ့သည်။ (စာပြီးရက်ကို ၁၉၉၇ ခုနှစ် ဇွန်လ ၉ ရက်ဟု ရေးထိုးထားသည်ကိုတွေ့ရသည်) သီချင်းခွေ စီဒီအဖုံး (ဓာတ်ပုံ)။ ဖြူမွန်၏ ပန်းချီကား၊ 'ကျွန်တော့် အကြောင်း' ကဗျာ စသည်တို့ကို စာသားထဲတွင် ထည့်သွင်း ဖော်ပြခြင်းခဲ့ခြင်း ဖြစ်သည်။ လူသိများသည်မှာ ၁၉၉၈ က ဖန်တီးသည့် 'သိမ်းထုပ်ထားတဲ့လွင်ပြင်ကျယ်'စာအုပ်ပါ 'တောင်ဖြစ်သွားတဲ့ လူ' ဝတ္ထုတိုပင် ဖြစ်သည်။ ထိုဖန်တီးမှုထဲတွင် မြန်မာစာသားအက္ခရာဝါကျများနှင့်အတူ ကိုးရိုးယားစာ၊ ပြင်သစ်စာ၊ စာရင်းအင်းဖော်မြူလာ၊ ပါဠိစာ၊ ဓာတုဗေဒ ဖော်မြူလာ၊ ပျူစာ၊ ဂီတသင်္ကေတ၊ ဗလာကွက်လပ်။ ထိုးကွင်းမင်ကြောင်းများကို ဆက်စပ်ထည့်သွင်း ဖန်တီးခဲ့သည်။

'ဓာတ်ပုံတွေကပြသည့် အော်ပရာ' တွင် ရေးသားထားသည်များထဲတွင် ဓာတ်ပုံပေါင်းများစွာကို ရည်ရွယ်ချက်ရှိရှိ ထည့်သွင်း ပြသခဲ့သည်။ ထိုပုံများသည် စာသားကို သရုပ်ဖော်သည့် ပုံများမဟုတ်။ ပုံများကိုယ်တိုင်က ဝတ္ထုစာသား (Text) များ ဖြစ်ကြသည်။ ဓာတ်ပုံတစ်ပုံသည် ဝါကျပေါင်း တစ်ထောင်မက အကြောင်းအရာခံစားမှုများကို ဖော်ပြသည်ဟူသော အယူအဆအတိုင်းပင် စာများများရေး သရုပ်ဖော်ပြနေခြင်းထက် ပုံများထည့်သွင်းပေးလိုက်ခြင်းက ပိုခရီးရောက်သည်ဟု ခံစားရ၍ဖြစ်၏။

တရုတ်စာရေးဆရာမ Xiaolu Guo (郭小橹) (၁၉၇၃ - ...) ၏ I am China (Momentum Publishing က၊ ၂၀၁၃ ခုနှစ်၊ မေလတွင် ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိ) စာအုပ်၏ မူရင်းသည် Collage အမျိုးအစား ဝတ္ထုဖြစ်သည်ကို တွေ့ရသည်။ မူရင်းဝတ္ထုသည် ရည်ရွယ်ချက်ရှိရှိ collage နည်းနာကို အသုံးပြုခဲ့သည်ကို တွေ့ရမည်။

- တရုတ်လက်ရေးမှုများစွာ
- ခဲခြစ်ဖြင့် ဆွဲထားသော မိန်းကလေးရုပ်ပုံ

mgyoe.com

mgyoe.com SAMPLE BOOK



- BUCKINGHAM PALACEဘာကင်ဟမ်နန်းတော်၏ ကတ်ပြား
- လက်ရေးဖြင့် ရေးသားထားသော မျိုးဆက်ပြဇယား Family Tree
- Erik Satie ၏ CD ကာဗာ
- ဓာတ်အတွက် အရေးကြီးသော ဖတ်ရခက်လှသည့် တရုတ် လက်ရေးစာနှစ်ကြောင်း
- မတူညီသော စာလုံးပုံစံဖြင့် ဖော်ပြထားသော သတင်းစာပါ သတင်းဖော်ပြချက်
- ဘာကင်ဟမ်နန်းတော်မှ ဂျမ့်ထံ ပြန်ကြားစာ
- ယွမ်နှင့် ဒေါ်လာ သီချင်း CD ကာဗာ
- Appendix: Chronology နောက်ဆက်တွဲ အက္ခရာစဉ်
- အွန်နားဟု အမည်ပေးထားသော ကျွန်းတစ်ကျွန်းဓာတ်ပုံ

စသဖြင့် ထည့်သွင်းခဲ့သော လက်ရေးများ၊ ဓာတ်ပုံများကို ထည့်သွင်း ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။

စာပေတွင် Collage နည်းနာသုံး ဖော်ပြလာခြင်းသည် စာရေးသူ

mgyoe.com

m gyoe.c o m SAMPLE BOOK

(ဖန်တီးသူ) တို့က သူတို့ ဖန်တီးမှုများသည် ဘာသာစကားသက်သက်ဖြင့် မလုံလောက်တော့ဟူသော ခံစားမှုက စတင် မြစ်ဖျားခံခဲ့ပုံပေါ်သည်။ စက္ကူပေါ်တွင် စာသားအက္ခရာများဖြင့်သာ အကန့်သတ်ခံဖော်ပြရသော အနုပညာလက်ရာကို ကျော်လွှန်ဖန်တီးဖို့ ကြိုးစားခြင်းဖြစ်မည်။ သေချာသည်မှာ စာသားများ သက်သက်ဖြင့် ဖန်တီးမှုသည် အရုပ်၊ အရိပ်၊ အရောင်၊ အသံ၊ ရနံ့၊ ထိတွေ့မှု၊ လျှာအရသာ စသည်တို့အထိတော့ မဖော်ကျူးနိုင်။ ထို့ကြောင့် သူဆွဲယူ ဖော်ပြနိုင်သမျှသော အရာများကို စာသားအက္ခရာများနှင့် တွဲစပ်ဖော်ပြခြင်းဖြင့် လုပ်ပိုင်ခွင့်နယ်နိမိတ်ကို ချဲ့ယူခဲ့ကြခြင်းဖြစ်မည်။

(ဘာသာစကားကို အခြေခံသောအလုပ်တွင် တွဲစပ်ထားသည့် စကားလုံးများ/ စကားစုများ သို့မဟုတ် ပြင်ပရင်းမြစ် အကြောင်းအရာ၏ အပိုင်းများပါရှိသော မည်သည့် ဖွဲ့စည်းမှုမျိုးကိုမဆို ခေါ်ဆိုနိုင်သည်) ဆိုသည့် အနက်ဖွင့်မှုမျိုးလည်း ရှိခဲ့ပါသည်။

ဆိုလိုသည်မှာ နှစ်ပေါင်းရာကျော် သက်တမ်းရှိခဲ့ပြီဖြစ်သော Collage အမျိုးအစား အနုပညာတို့သည် ခုမှပေါ်လာသည့် အထူးအဆန်း နည်းလမ်းမဟုတ်။

ယနေ့တိုင် ရှင်သန်နေဆဲ ရေးဟောင်းနည်းနာသာဖြစ်သည် ဆိုသည့် အချက်ပင်ဖြစ်၏။

Monday, August 14, 2023 at 11:30 AM

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

အသံ၊ သင်္ကေတနှင့် တပ်ဆင်ထားသော အလင်း သို့မဟုတ် တစ်စုံတစ်ရာ

အခန်း (၁)/ အသံ



မှတ်ချက်။ ။ ကျုပ်မှာ နှလုံးသားတစ်ခု ရှိတယ်။
ခင်ဗျားမှာ နှလုံးသားတစ်ခု ရှိတယ်။
အဲဒီနှစ်ခုကို အပေါ်က လေးထောင့်သေတ္တာထဲမှာ
ထည့်ထားတယ်။

မင်းခိုက်စိုးစန်
(၁၉၉၆)

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအရာသည်၊ အမှန်ပင်၊ ကဗျာတစ်ပုဒ်ဖြစ်၏။ ထိုကဗျာ၏၊ အစိတ်အပိုင်း၊ အားလုံးသည်၊ ကျွန်တော့်မျက်လုံးများ၊ အတွင်းသို့၊ အရှိန်ဖြင့်၊ ပြေးဝင်လာကာ၊ နားစည်များကို၊ အပြင်းအထန်၊ ထုနှက်၊ ရိုက်ပုတ်ကြ၏။ အံ့ဩချိန်မရခင်မှာပင်၊ နားစည်များတွင်၊ အသံများစွာ၊ ကြားနေရကြောင်း၊ ဦးနှောက်မှ၊ ပေးပို့လိုက်သော၊ ကြေးနန်းတစ်စောင်၊ လက်ခံရရှိလိုက်သည်။ ထိုအသံများ၏၊ စကားဝှက်ကို၊ ဘာသာပြန်ကြည့်သောအခါ၊ တချို့တစ်ဝက်သော၊ အဓိပ္ပာယ်များကို၊ ရမိလိုက်၏။ တချို့ကို၊ လက်လွှတ်လိုက်ရ၏။ အဓိက၊ ဖော်ထုတ်နိုင်ခဲ့သည်မှာ 'လူသားတို့၏နှလုံးသား' ဟူသော၊ အဓိပ္ပာယ်နှင့်၊ ထိုနှလုံးသားကို၊ 'သေတ္တာလေးထဲ ထည့်ထားသည်' ဟူသော၊ အဓိပ္ပာယ်တို့ပင် ဖြစ်သည်။

အဘယ်သို့သော၊ ကဗျာဆရာက၊ ထိုကဗျာကို၊ ရေးဖွဲ့ခဲ့ပါနည်း။ ထို 'ကဗျာဆရာ' သည်၊ အဘယ်သို့သော၊ ရေမြေဝန်းကျင်တွင်၊ ကြီးပြင်း၊ ရှင်သန်ခဲ့ပါသနည်း။

အဘယ်သို့သော၊ အကြောင်းတရားများက၊ သန့်ရှင်းသော၊ နှလုံးခုန်သံတို့ကို၊ သေတ္တာတစ်ခုထဲ၊ သို့ဝှက်ထည့်သွင်းစေဖို့၊ ထိုကဗျာဆရာကို၊ စေစားခဲ့ပါသနည်း။

တိမ်ဖြူမျှင်၊ တချို့တစ်ဝက်၊ ကပ်ငြိနေသော၊ ပြာလဲ့လဲ့၊ မိုးကောင်းကင်အောက်၊ စိမ်းမြမြ၊ မြက်ခင်းများအပေါ်၊ လေညင်းအေးအေးနှင့် စည်းချက်မှန်နေသော၊ နှလုံးခုန်သံတို့၊ လွတ်လပ်လင်းပွင့်စွာ၊ ရှင်သန်နေမှုကို၊ သူ၊ ဘာကြောင့်၊ အကျဉ်းချချင်ပါသနည်း။

မေးခွန်းများစွာဖြင့်၊ ရစ်ပတ်နေသော၊ ကျွန်တော်သည်၊ ကဗျာဆရာနှင့်၊ ထိုကဗျာဆရာ၏၊ သေတ္တာလေးကို၊ အလွန်အမင်း၊ စိတ်ဝင်စားသွားခဲ့ပါသည်။

သည့်နောက်…၊ ဒီဂရီအမြင့်ဆုံးသော၊ စိတ်ဝင်စားမှု၊ စိတ်လှုပ်ရှားမှုတို့ဖြင့်၊ ထို သေတ္တာလေးထဲ၊ ကျွန်တော်၊ ခုန်ဝင်လိုက်မိသောအခါ၊ အသံ၊ အသံ၊ အသံ၊ အသံ၊ အသံ၊ အသံ၊ အသံ၊ အသံ၊ အသံ၊ အသံ၊ အသံ၊ အသံ၊ အသံ၊ အသံ၊ အသံ၊ …

ထိုသေတ္တာလေးထဲတွင်၊ နှလုံးခုန်သံပေါင်း များစွာ၊ ဆူညံ၊ မွန်းကျပ်၊ ပိတ်လှောင်၊ နေပါသည်။

mgyoe.com

mgyoe.com

ကမ္ဘာပေါ်ရှိ၊ သံစုံထွက်သော၊ နာရီပေါင်းများစွာကို၊ အခန်းကျဉ်းတစ်ခုထဲ၊ ထည့်ကာ၊ မြည်နိုင်းထားသလိုပင်…။

နာဇီအကျဉ်းစခန်းတစ်ခုအတွင်း၊ အဆိပ်ငွေ့ပေး၊ အသတ်ခံရမည့်ဆဲဆဲ၊ ပိတ်လှောင်ခံထားရသော၊ ဂျူးအကျဉ်းသားတို့၏ အော်ဟစ်ငိုကြွေးသံသည် ထိုအသံများဖြစ်နိုင်၏။

ပျော်ရွှင်လိုစိတ်၊ တစ်ခုတည်းဖြင့်၊ လူများ၊ ပြည့်သိပ်၊ ကျပ်ညှပ်နေသည့်၊ ဂီတပွဲတော်တစ်ခု၊ သို့၊ သွားရောက်စဉ်၊ ပြင်းထန်၊ ဆိုးရွားသော၊ ရန်ပွဲတစ်ခုကြောင့်၊ ကြောက်လန့်တကြား၊ ပြေးထွက်လာသော၊ လူအုပ်ကြီး၏၊ ခြေသံသည်၊ ထိုသေတ္တာထဲမှ၊ လျှံထွက်နေခြင်းလည်း ဖြစ်နိုင်၏။

ထိုမြင်ကွင်းနှင့်၊ ထိုအသံတို့ကို၊ မခံနိုင်တော့သော၊ ကျွန်တော်သည်၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ ပြင်းစွာဖြင့်၊ ထိုသေတ္တာထဲမှ၊ ခုန်ထွက်ဖို့၊ ကြိုးစားခဲ့ပါသည်။ မအောင်မြင်ခဲ့ပါ။ ထိုသေတ္တာထဲတွင်၊ ကျွန်တော်၊ သေသေချာချာ၊ ပိတ်မိ၊ အကျဉ်းကျနေခဲ့ပါသည်။

ကျွန်တော်၊ ကောင်းကင်ပြာကို၊ ကြည့်ချင်ပါသည်။ တိမ်ဖြူတို့ကို၊ ငေးရီလိုပါသည်။ အေးမြသော၊ မြက်ခင်းနှင့်၊ လေညင်းကို တမ်းမက်လာပါသည်။

သို့သော်၊ ကျွန်တော့်မှာ၊ ဘာအခွင့်အရေးမှ၊ မရှိတော့ပါ။

အမှန်တော့၊ ထိုအရာသည်၊ ကဗျာတစ်ပုဒ်၊ မဟုတ်ခဲ့။ မှော်အတတ်ဖြင့်၊ စီရင်ထားသော၊ ‘ကြေးမုံနံရံများ’၊ တပ်ဆင်ထားသည့်ထောင်ချောက်၊အခန်းကျဉ်းတစ်ခုသာ၊ ဖြစ်ပါ၏။

❊❊❊

mgyoe.com

mgyoe.com

SAMPLE BOOK

အခန်း (၂)/ သင်္ကေတ

ထိုအရာသည်၊ အမှန်ပင်၊ ဂီတသင်္ကေတများ၊ ဖြစ်၏။

တစ်စုံတစ်ရာကို၊ ရယူဖို့၊ တစ်စုံတစ်ခု၊ ပြန်လည် ပေးဆပ်ရပါမည်။ ထို၊ ပေးဆပ်မှုကို၊ (ရှူးသွပ်ခြင်း၊ ကြိုးပမ်းခြင်း၊ ဆုံးရှုံးခြင်း၊ အချိန်ဖြုန်းခြင်း၊ ပါရမီဖြည့်ခြင်း၊ ..... ခြင်း၊ .... ခြင်း) စသည်ဖြင့်၊ နှစ်သက်ရာ၊ အမည်နာမ၊ ဆိုင်းဘုတ်တစ်ခုခု၊ တပ်ဆင်နိုင်ပါသည်။ သို့သော် ... တစ်စုံတစ်ရာကို၊ ရယူဖို့၊ ပိုင်ဆိုင်ဖို့၊ တစ်စုံတစ်ခု၊ မုချ၊ ပြန်လည်၊ ပေးဆပ်ရပါမည် (မငြင်းဆန်ကြပါနှင့်)။ နယ်ပယ်သစ်၊ တစ်ခုဆီ၊ အရောက်၊ သွားဖို့၊ ကြိုးပမ်း၊ လေ့လာခြင်း၊ လမ်းမများ၊ မုချ၊ ဖောက်လုပ်ရပါမည်။ လမ်းမရှိဘဲ၊ ဟန်ရေးပြ၊ လမ်းလျှောက်ချင်သူတွေအတွက်၊ အချိန်ပေး၊ မဆွေးနွေးနေသင့်ပါ။ (လုံး၀၊ သေချာလွန်းလှပါသည်)

3-D၊ ရုပ်ပုံကားများ၏။ ဇာတိမှန်၊ မြင်ရဖို့၊ အကြိမ်ကြိမ်၊ မျက်လုံးအစွေ၊ ကျင့်ရသလို၊ ထို၊ သင်္ကေတများထံမှ၊ နားနှင့်ဆတ်ဆတ်၊ အသံကြားရဖို့၊ အလွန်၊ ကြိုးပမ်းခဲ့ရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သွပ်ဆူးကြိုးတန်းတွင်၊ ချိတ်လှန်းထားသော၊ ပဲတီပင်ပေါက်လို၊ထို သင်္ကေတများ၊ ထံမှ၊ အသံ၊ စတင်၊ ကြားရချိန်၌၊ အလွန်အမင်း၊ ပျော်ရွှင်ခဲ့ရ ပါသည်။ ပဥ္စလက်၊ အတတ်တစ်ခုကို၊ လက်ဝယ်၊ ပိုင်ပိုင်၊ ရယူနိုင်လိုက်သော၊ အချိန်ဟုလည်း၊ မှတ်တမ်း၊ ပြုထားပါသည်။

ထို၊ သင်္ကေတမှ၊ ပေးပို့လိုက်သော၊ သံစဉ်များ၏၊ ကိုယ်ထည်တွင်၊ လေထဲ၊ လွင့်မျောနေသော၊ ဖုန်မှုန့်များကို၊ မြင်လိုက်ရသည်။ ထင်ထင်ရှားရှား၊ မျက်လုံးအစုံအောက်က၊ သင်္ကေတကို၊ နားထဲတွင်၊ သံစဉ်အဖြစ်ပြောင်း။

ထို၊ သံစဉ်ကို၊ ပုံရိပ်များအဖြစ်၊ ထပ်ဆင့်၊ ပြောင်းလဲလိုက်မိချိန်တွင်၊ ခန္ဓာကိုယ်၊ တစ်ခုလုံးသည်၊ လေထဲ၊ လွင့်ပါလာသည့်၊ ဖုန်မှုန့်များ၊ အကြား၊ နာရီပေါင်းများစွာ၊ လွင့်မျော၊ လိမ့်ပါ၊ နေခဲ့ရသည်။

ထို၊ ဖြစ်စဉ်ကို၊ ပျင်းရိလာချိန်။

ထို၊ သင်္ကေတွင်၊ ရှိနေသည့်၊ သံစဉ်များ၏၊ ကျောကုန်းပေါ်တွင်၊ စကားလုံးသစ်၊ (ထိုအရာတို့သည် အနက်အဓိပ္ပာယ်သစ်များလည်း ဖြစ်နိုင် ၏။) တချို့၊ ပြောင်းလဲတင်လိုက်မိသည်။

ထိုအခါ . . .

ယင်း၊ မူလသံစဉ်များကပင်၊ ကြေကွဲခြင်း၊ ငိုမြည်တမ်းတခြင်း၊ တိုင်တည်ခြင်း၊ ပေါက်ကွဲခြင်း၊ ရန်းကန်ဖောက်ထွက်လိုခြင်း၊ ဟူသော၊ ခံစားမှုများကို၊ ခန္ဓာကိုယ်အနှံ့၊ ဖြည့်တင်း၊ ထိုးသွင်း၊ ပေးလိုက်ပါသည်။ သည့်နောက် . . .

တုန်လှုပ်၊ အံ့သြဖွယ်၊ ကြည်နူး၊ ပျော်ရွှင်ဖွယ်၊ ရသတစ်ခုသည်၊ တစ်ကိုယ်လုံးထဲတွင်၊ ငြိမ့်ညောင်းစွာ၊ စီးပျံ့နေတော့၏။

သည့်နောက် . . .

ထိုသင်္ကေတများကိုပင်၊ စကားလုံးသစ်များ၊ ထပ်ပြန်တလဲလဲ၊ ဖြည့် သွင်းခြင်းဖြင့်သာ၊ ယယ်ဘဝက၊ ကြည့်မဝခဲ့သော၊ ရောင်စုံ၊ ပန်းစကြာ၊ မှန်ပြောင်းကြီးသည်၊ ပိုမို၊ ကြီးမား၊ ခန့်ထည်လာတော့သည်။

ထိုဖြစ်စဉ်များကို၊ ကိုယ်တွေ့ခံစားနိုင်ဖို့

(၁) လျှပ်စစ်ဓာတ်အား မလိုပါ။

(၂) ဓာတ်ပြားဖွင့်စက်၊ တိပ်ရီကော်ဒါ၊ ကက်ဆက်တစ်လုံး၊ မလိုပါ။

mgyoe.com

mgyoe.com SAMPLE BOOK

(၃) CD ဓာတ်ပြားတစ်ချပ်၊ တိပ်ခွေတစ်ခု မလိုပါ။

(၄) တေးရေး၊ တေးဆို၊ တီးခတ်၊ အသံသွင်း၊ ဖြန့်ချိသူ မလိုပါ။

အမှန်လိုအပ်သည်မှာ...

သင်္ကေတများထံမှ၊ အသံကြားနိုင်သော...၊ ထိုအသံများကို၊ အဓိပ္ပာယ်တစ်ခု၊ ဖော်ဆောင်သည့်/ပေါ်လွင်သည့်၊ အရုပ်အဖြစ်၊ ပြောင်းလဲနိုင်သော...။

ထိုဖြစ်စဉ်ကို၊ ငြီးငွေ့ချိန် (သို့မဟုတ်) သင့်လျော်ချိန်တွင်၊ ထို၊ အသံများကိုပင်၊ တခြား တခြားသော၊ အဓိပ္ပာယ်ဆောင်သည့်၊ အရုပ်များအဖြစ်၊ ထပ်ဆင့်၊ ပြောင်းနိုင်စွမ်းရှိသော၊ အတတ်ပညာ၊ တစ်ခုသာ၊ ဖြစ်ပါသည်။ အမှန်တော့၊ ထို၊ အရာတို့သည်၊ ဂီတသင်္ကေတများ၊ မဟုတ်ခဲ့။

မှော်အတတ်ဖြင့်၊ စီရင်ထားသော၊ လွတ်လပ်သည့်၊ မိုးကောင်းကင်တစ်ခု၊ လူပေါင်းများစွာ၊ တင်ဆောင်၍၊ လိုရာ၊ မောင်းနှင်နိုင်သည့်၊ ယာဉ်ရထားတစ်စီးသာ၊ ဖြစ်ပါသည်။

အခန်း(၃)/ တပ်ဆင်ထားသောအလင်း



ထိုအရာသည်၊ အမှန်ပင်၊ အလင်းရောင်များကို၊ တပ်ဆင်ထားသည့်၊ နံရံတစ်ချပ်၊ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုနံရံပေါ်တွင်၊

(၁) ထိုင်းနိုင်ငံလုပ်၊ (ကျွမ်းနေသော) ဘတ်သီးတစ်လုံး။

(၂) ဂျာမနီလုပ်၊ ဖန်မီးအိမ်တစ်ခု။

(၃) မြန်မာပြည်လုပ်၊ စိပ်ပုတီးတစ်ကုံးတို့၊ စုဖွဲ့၊ ငြိမ်သက်နေကြသည်။

Light
(Installation)
Not For Sale

ထို၊ အစုအစည်းလေး၏၊ အောက်ခြေတွင်၊ အထက်ပါ၊ စာတန်းငယ်တစ်ခု၊ ကပ်ထားသည်။

'အစုအဖွဲ့တွင်၊ လျှပ်စစ်မှရသည့်၊ အလင်းသည်လည်းကောင်း၊ ရေနံဆီမှရသည့်၊ အလင်းသည်လည်းကောင်း၊ သတိ သမာဓိ ဉာဏ်ပညာမှရသည့်၊ အလင်းသည်လည်းကောင်း၊ ပျောက်ဆုံးလျက်ရှိသည်။ သူတို့သည်၊ အလင်းမဲ့ကမ္ဘာ၊ အမှောင်ခြမ်း၌၊ ရောက်ရှိနေကြသော၊ အစွမ်းအစမဲ့များ ဖြစ်ကြ၏။ ထိုအရာသည်၊ အနုပညာပစ္စည်းတစ်ခုလား၊ အတွေးတစ်စလား၊ သင်္ကေတလား၊ စကားဝှက်လား၊ ပြက်လုံးလား၊ ကြည့်မိသူတိုင်းကို၊ အဓိပ္ပာယ်မှန်အောင်ဖြေခိုင်းနေသည်။ ဒါမှမဟုတ်... ဉာဏ်စမ်းပဟေဠိတစ်ပုဒ်လား။

(သင်၊ နှစ်သက်သလို၊ သတ်မှတ်၊ ခံစားနိုင်ပါသည်)

(စိတ်ဝင်စားပါက၊ ကြိုက်သလို၊ ဘာသာပြန်နိုင်ပါသည်)

တစ်ခုတော့ ရှိပါသည်။

ကျွမ်းနေသော၊ ဘတ်သီးတစ်လုံး၊ ဆီနှင့် မီးစာမရှိသော၊ ဖန်မီးအိမ်တစ်လုံး၊ မိမိကိုယ်မိမိ၊ ဘာသာရေးသမားအဖြစ်၊ အမြဲ၊ ကြွေးကြော်နေလေ့ရှိသူတစ်ဦး၏၊ ဘယ်တုံးကမှ၊ မစိပ်ဘဲ၊ ပစ်ထားသော မှိုတက်နေသည့်၊ ပုတီးတစ်ကုံးတို့ကို၊ စုပေါင်း၊ တပ်ဆင်ထားကြောင်း၊ အဖြစ်မှန်ကိုတော့၊

mgyoe.com

mgyoe.com SAMPLE BOOK

သင်၊ သိဖို့၊ လိုအပ်ကောင်း၊ လိုအပ်ပါမည်။ (လိုအပ်ချင်မှလည်း၊ လိုအပ်ပါမည်)

ထိုအရာသည်၊ အမှန်ပင်၊ ပကတိအလင်း/ဉာဏ် အလင်းရောင်များ၊ ပျောက်ဆုံးနေကြသော၊ ပစ္စည်းများ၊ ဖြစ်ကြပါသည်။

အခန်း (၄)/ အသံ၊ သင်္ကေတနှင့် တပ်ဆင်ထားသောအလင်း

အခန်း (၁) သည်…

တစ်ပါးသူ၊ သိုဝှက်ထားသော၊ လျှို့ဝှက်ချက်၊ များကို၊ စပ်စုစွာ၊ ခိုးကြည့်ရင်း၊ အကျဉ်းကျသွားသူ၊ တစ်ယောက်၊ အကြောင်းဖြစ်သည်။

အခန်း (၂) သည်…

သင်္ကေတများကို၊ ဖတ်တတ်ရန်၊ ကြိုးစားရင်း၊ ထို၊ သင်္ကေတများ၊ ထဲတွင်၊ သူလိုချင်သော၊ အဓိပ္ပာယ်များ၊ ထည့်သွင်း၊ နားထောင်ရင်း၊ ပီတိဖြစ်နေသူ၊ တစ်ယောက်၊ အကြောင်းဖြစ်သည်။

အခန်း (၃) သည်…

သူပြောလိုသမျှကို၊ ဖုံးဖုံးဖိဖိ၊ ပြောတတ်ပြီး၊ သူပြောသမျှ၊ တစ်ပါးသူ၊ နားမလည်မည်ကို၊ အစိုးရိမ်ကြီးနေသော၊ အူလည်လည်၊ အတတ၊ လူတစ်ယောက်အကြောင်း ဖြစ်သည်။

အခန်း (၅)/ တစ်စုံတစ်ရာ

✤ အထက်အကြောင်းအရာသည် စာရေးသူရင်ထဲက တစ်စုံတစ်ရာကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

✤ အောက်ပါကွက်လပ်ကို စာဖတ်သူရင်ထဲက တစ်စုံတစ်ရာ ဖော်ပြနိုင်ရန် ချန်လှပ်ထားခဲ့ပါသည်။

December 16, 1996 at 12:36 PM, Yangon.

mgyoe.com

mgyoe.com SAMPLE BOOK

ပုံတွေကိုယ်၌က စာသားတွေ ဖြစ်နေကြတာ

Collage စာပေ ဖန်တီးမှုမှာ တွဲစပ် ဖော်ပြထားတဲ့ပုံတွေ ကိုယ်၌ကိုက စာသား (Text) တွေ ဖြစ်နေတတ်ကြပါတယ်။

သူတို့ (ပုံတွေ) ဟာ စာတွေ ပိုရုပ်လုံးကြွလာစေဖို့အတွက် တန်ဆာဆင်ထားတဲ့ 'သရုပ်ဖော်ပုံ' တွေ သက်သက် မဟုတ်ကြပါဘူး။ သူတို့ (ပုံတွေ) ကိုယ်တိုင်က ဒီဖန်တီးမှုထဲမှာ 'စာသား/Text' အဖြစ်နဲ့ ပါဝင်နေကြတာပါ။ သူတို့ကိုပါ 'ဖတ်' ရမှာ၊ ကြည့်သွားပြီး ပစ်ထားခဲ့ရမှာ မဟုတ်ဘူး။ သူနဲ့အတူ တွေးပြီး မျှယူ ခံစားကြရမှာ။

ပို့စ်မော်ဒန်ဆရာသမားတွေဟာ စာပေကို ရေးသားဖော်ထုတ်ကြရာမှာ ဘာသာစကား အက္ခရာတစ်ခုတည်းနဲ့ မလုံလောက်ဘူးဆိုတဲ့ အမြင်မျိုးကနေ ဖောက်ထွက်ဖို့ ကြိုးစားကြရင်း Collage အမျိုးအစားစာပေကို ရေးသားလာကြတယ်လို့လည်း ဆိုပါတယ်။ သူတို့တတ်နိုင်သမျှ (လုပ်နိုင်သမျှ) ဘောင်ထဲကနေ သူ့ခံစားမှု၊ သိမှုတွေကို ဖော်ထုတ်ပြသဖို့ ကြိုးပမ်းခြင်း၊ လှုံ့လထုတ်ခြင်းပါ။ ဒါပေမဲ့ စာရွက်ဆိုတဲ့ အကန့်အသတ်အောက်မှာ ဖန်တီးရတာဖြစ်လေတော့ အာရုံခြောက်ပါးစလုံးပါအောင် (ပေါ်အောင်) ဖော်ပြဖို့တော့ ဘယ်စွမ်းသာကြပါ့မလဲ။ စကားလုံး အက္ခရာတွေအပြင် သူတို့ ထည့်သွင်းတပ်ဆင်ဖို့ တတ်နိုင်တဲ့ အမြင်/အတွေးတွေကို တွဲစပ်ကြ၊ ထည့်သွင်းကြ၊ ဖော်ပြကြရတဲ့ အမျိုးပေါ့။

mgyoe.com

 mgyoe.com SAMPLE BOOK

ဥပမာလေး နည်းနည်းထုတ်ကြည့်ချင်တယ်။ 'ကျွန်တော်နှင့် ပန်းပုပတ်သက်မှုများ' ဆိုတဲ့ ဖန်တီးခြင်းမှာ ပိုပိုရဲ့ 'negative space#1 1987-96' ဆိုတဲ့ အင်စတော်လေးရှင်းလက်ရာတစ်ခုကို ဖော်ပြချင်တယ်။ ခုလို ဖော်ပြလိုက်တယ်။

ဆရာပါရဂူရဲ့ 'ပန်းပုဆရာ' စာအုပ်မျက်နှာဖုံးအဖြစ် အသုံးပြုခဲ့တဲ့ လက်ရာ။ ဒီအင်စတော်လေးရှင်းအကြောင်းကို စာသားအက္ခရာတွေနဲ့ ဘယ်လို သရုပ်ဖော်မလဲ။ ရှင်းပြရမလဲ။ တတ်နိုင်သလောက် ကြိုးစားရှင်းပြရင်တောင် စာဖတ်နေသူရဲ့ မျက်လုံးထဲ မြင်ယောင်လာဖို့ ခက်ပါမယ်။ ဒီအခါ သူ့လက်ရာဟာ ဟောဒါပဲဗျာလို့ ချပြလိုက်တာက ပို လိုရင်းတိုရှင်းရောက်သွားမယ်ထင်ပါတယ်။ အဲသလို ပြလိုက်တော့ ဖန်တီးသူရဲ့လက်ရာနဲ့ ခံစားသူကြား တိုက်ရိုက် ဆက်သွယ်နိုင်မယ့် ပလက်ဖောင်းတစ်ခု ရသွားစေပါတယ်။ စကားလုံးတွေမပါဘဲ တိုက်ရိုက်ဆက်သွယ်နိုင်မယ့် နည်းလမ်းပေါ့။

နောက်တစ်ခုကြည့်ရအောင်။ ကဗျာဆရာ ငအိမ်ထက်မြက်ရဲ့ ကဗျာ။ သူ့ကဗျာက စာသားတွေနည်းနည်းကို တရုတ်လက်ရေးစာလုံး အက္ခရာတစ်ခုနဲ့

mgyoe.com

 mgyoe.com SAMPLE BOOK

တွဲစပ်ဖန်တီးထားတယ်။ အဲ့ဒီကဗျာအကြောင်း ပြောပြချင်တယ်။ ဘယ်လို နည်းနဲ့ ပြောကြမလဲ။

သူ့ကဗျာပါစာမျက်နှာမှာ ကဗျာခေါင်းစဉ်ရယ်လို့ တိတိပပ ဖော်ထုတ်ထားတာ မရှိဘူး။

ပါတဲ့စာလုံးရေ နည်းနည်းလေးက ဒီလို။

❊❊❊

'မြင်နေကျ သိနေပေမယ့် ကိုယ်မှ မဖတ်တတ်တာ
'လူ' လို့ပဲ အသံထွက်သလား။
'ဘဝ' လို့ပဲ အဓိပ္ပာယ်ရသလား။
'အသိဉာဏ်' လို့ပဲ ဘာသာပြန်ရမှာလား။
(တရုတ်လက်ရေးစာလုံး)
ရွှေထည်နှင့် ငွေထည်ပစ္စည်းများသာ လက်ခံသည်'

❊❊❊

mgyoe.com